# ယခင်နှင့် ယခု

အရှင်ဉာဏိက

ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ဖြစ်ခဲ့တဲ့အဖြစ်အပျက်။ အဲဒီတုန်းက လူသားတွေ တွေးခဲ့တဲ့ အတွေးအခေါ်နဲ့ အပြုအမူ။ လူ့ဖြစ်စဉ်အဆင့်ဆင့် ပြောင်းလဲပုံကို ပြောတဲ့အခါတိုင်း ပညာရှင်များက ရုပ်ပိုင်းဆိုင်ရာ ပုံသဏ္ဌာန်နဲ့အတူ စိတ်ပိုင်းဆိုင်ရာ တွေးခေါ်မြော်မြင်မှုတွေ တိုးတက်လာပုံကိုပါ ထည့်သွင်းပြောဆိုလေ့ရှိတတ်တယ်။ လူ့ယဉ်ကျေးမှု ဖြစ်စဉ်တွေ ဘယ်လောက်တိုးတက်ပြောင်းလဲလာခဲ့သလဲ။ ဆင်ခြင်ကြည့်ပါဦး။

**မဃလုလင်ရဲ့အတွေး**–လောကမှာ မွေ့လျော်ရာနေရာမျိုးဆိုတာ လူတိုင်းနှစ်သက်တယ်။ ဘယ်သူတစ်ဦးတစ်ယောက်မှ မွေ့လျော်ဖွယ်ကောင်းတဲ့အရာကို မနှစ်သက်သူ မရှိဘူး။ ဒီတော့ ဒီနေ့ကစပြီး သူတစ်ပါးတွေ မွေ့လျော်နိုင်စေဖို့ မကောင်းတဲ့လမ်းတွေကို ကောင်းအောင်ပြုပြင်မယ်။ အိုဟောင်းနေတဲ့ဇရပ်တွေကိုလည်း အသစ်ဖြစ်အောင် ပြန်လည်ပြုပြင်မယ်။ တစ်ဦးက ဒီလိုတွေးတယ်။

အခြားတစ်ဦးကတော့

**ရွာသူကြီးရဲ့ အမြင်**–အိမ်ရာတည်ထောင်လူ့ဘောင်မှာနေတဲ့သူတွေဆိုတာ ခုလိုကောင်းမှုလုပ်ငန်းတွေချည်းကိုသာ လုပ်နေဖို့ မသင့်ဘူး။ တောကနေပြီး အမဲသားငါးတွေ ရအောင်လုပ်ဖို့၊ သေရည်သေရက်သောက်စားကာ အပျော်ကြူးနေဖို့၊ ဒါမှ မဟုတ်လဲ အထူးထူးအပြားပြား လုပ်ဖွယ်ရှိတဲ့အလုပ်တွေကိုပဲ လုပ်နေဖို့သင့်တယ်။

**စာရေးသူရဲ့ အတွေးအမြင်**–မနက်ဖန်မှာ သင်ကြားပေးရမယ့် ဒေလီစီးတီးမြို့၊ ထေရဒါဒဓမ္မအသင်း ဓမ္မသင်တန်းအတွက် ဓမ္မပဒလာ မဃဝတ္ထုကို ဖတ်ဖြစ်တယ်။ ဒီဝတ္ထုထဲမှာပါတဲ့ ဇာတ်လမ်းတပိုင်းက ဒီလိုပါ။ သိကြားမင်းလောင်းဖြစ်တဲ့ မစလရွာသား မဃလုလင်နဲ့ မိတ်ဆွေ ၃၃ ယောက်အဖွဲ့က အများပြည်သူ အဆင်ပြေပြေ ချောချောမွေ့မွေ့ နေထိုင်နိုင်စေဖို့ ကောင်းမှုကောင်းရာ လုပ်ရပ်တွေကို အားကြိုးမာန်တက် လုပ်ဆောင်ကြတယ်။ **'လောကမှာ မွေ့လျော်ရာနေရာမျိုးဆိုတာ လူတိုင်း နှစ်သက်တယ်။ ဘယ်သူ တစ်ဦးတစ်ယောက်မှ မွေ့လျော်ဖွယ်ကောင်းတဲ့အရပ်ကို မနှစ်သက်သူ မရှိဘူး။ ဒီနေ့ကစပြီး သူတစ်ပါးတွေ မွေ့လျော်နိုင်စေဖို့ မကောင်းတဲ့လမ်းတွေကို ကောင်းအောင်ပြုပြင်မယ်'** ဆိုတဲ့ ကောင်းမြတ်တဲ့စိတ်ဓာတ်ကို ရှေ့တန်းတင်လို့ပေါ့။

ဒါကို မကြည့်လို မမြင်လိုတဲ့ မစလရွာသူကြီးက သူတို့လုပ်ရပ်တွေကို တားမြစ်ပိတ်ပင်တယ်။ နောက်ပြီး သူကြီးက **'အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့သူတွေဆိုတာ ခုလိုကောင်းမှုလုပ်ငန်းတွေချည်းကိုသာ လုပ်နေဖို့ မသင့်ဘူး။ တောကနေပြီး အမဲသားငါးတွေ ရအောင်လုပ်ဖို့၊ သေရည်သေရက်တွေ သောက်စားကာ အပျော်ကြူးနေဖို့၊ ဒါမှ မဟုတ်လည်း အထူးထူးအပြားပြား လုပ်ဖွယ်ရှိတဲ့အလုပ်တွေကိုပဲ လုပ်နေဖို့ သင့်တယ်'**လို့ ပြောတယ်။ မဃတို့အဖွဲ့ မူးယစ်သောက်စားကာ ပျော်ပါးနေစဉ်က သူတို့ကိုအမှီပြုလို့ မူးယစ်ခွန်တွေရတယ်။ အမှုအခင်းဖြစ်တော့ လာဘ်လက်ဆောင်ပဏ္ဏာလဲ သူကြီးမှာရတယ်။ခုမဃတို့ကောင်းတာတွေလုပ်နေတော့ ဒါတွေမရနိုင်တော့ဘူးပေါ့။ နောက်ပြီး ကောင်းမှု ကောင်းရာလုပ်တဲ့သူဆိုတာ ချစ်ခင်သူများမယ်။ အများတကာရဲ့လေးစားမှုကိုလဲ ခံရမယ်။ ဒါကသဘာဝပဲဟာ။ ဒါပေမယ့် တစ်ဦးတစ်ယောက် ခုလိုမိတ်ဆွေများလာတာ၊ ချစ်ခင်သူပေါလာတာက သူ့အတွက် အန္တရာယ်တခုလို့ သူကြီးက မြင်ဟန်ရှိတယ်။ မကောင်းမှုအခြေခံ အရင်းပြုလို့ပေါ့။ သူပြောတဲ့အတိုင်း မလိုက်နာတော့ မဃလုလင်တို့အဖွဲ့ ပျက်စီးရာပျက်စီးကြောင်း အတွက် 'ဒီလူတွေဟာ ခိုးဆိုးတိုက်ခိုက် လုယက်နေသူတွေပါ'ဆိုပြီး အာဏာရှိတဲ့ ဘုရင်ကို သူကြီးက မဟုတ်မမှန် သတင်းပေးကာ ချောပစ်ဂုန်းတိုက်တယ်။

ရှင်ဘုရင်ကလဲ ရွှာသူကြီးပြောတဲ့စကားကို စူးစမ်းစစ်ဆေးမှုမပြုပဲ မဃလုလင်တို့အဖွဲ့ကို ဖမ်းဆီးပြီး ဆင်နဲ့နင်းသတ်ဖို့ အမိန့်ပေးတယ်။ တကယ်တော့ ရှင်ဘုရင်ဆိုတာ တဖက်စကားကိုသာ နားထောင်ရမှာတော့ မဟုတ်ပေဘူးပေါ့။ သို့ပေမယ့် ငါ့လူရင်းသူကြီးဆိုတဲ့ အဂတိတရားနဲ့ ငါဘုရင် အာဏာရှင် ဆိုတဲ့မာနက အမှန်အတိုင်းဆင်ခြင်တိုင်းထွာနိုင်တဲ့ ဉာဏ်အမြင်ကို ကဏ်းစေခဲ့ပြီပေါ့။ ဒီလို ရှင်ဘုရင်က အပြစ်ပေးတော့ မဃလုလင်က အပြစ်ဒဏ်ချမှတ်တဲ့ ရှင်ဘုရင်ကိုရော၊ မဟုတ်မမှန် ချောပစ်ဂုန်းတိုက်တဲ့ ရွှာသူကြီးကိုရော၊ နင်းသတ်ဖို့လာတဲ့ ဆင်အပေါ်မှာပါ အမျက်မထွက်ဖို့ သူ့မိတ်ဆွေတွေကို ပြောတယ်။ သူတို့မှာ မေတ္တာမှတပါး အားကိုးရာ မရှိပြီမို့ အားလုံးအပေါ်မှာ သန့်စင်စွာ မေတ္တာပွားများကြဖို့ တိုက်တွန်းပါတယ်။ ဒါကြောင့် နင်းရန်လာတဲ့ဆင်က သူတို့ကိုနင်းသတ်ဖို့ မဝံ့ရဲပဲ ပထမအကြိမ် ငြင်းဆန်တယ်။ ဒါကို ရှင်ဘုရင်က ဆင်က လူအုပ်ကိုမြင်လို့ ကြောက်လန့်ကာ မနင်းတာဖြစ်မှာ။ လူတွေမမြင်ရအောင် အဝတ်နဲ့လုံအောင် အုပ်ပြီး ထပ်မံနင်း သတ်လို့ မိန့်ပြန်တယ်။ ရှင်ဘုရင်ရဲ့ ဒီဒုတိယအမှားကတော့ ခွင့်လွှတ်ဖို့ ခက်တဲ့အမှားပါ။ သို့ပေမယ့် ဒီတစ်ကြိမ်မှာလည်း ဆင်က နင်းဖို့ငြင်းဆန်ပြီး ထွက်ပြေးသွားတယ်။ဒီတော့မှ ရှင်ဘုရင်က အကျိုးအကြောင်းမေးမြန်းပြီး အဖြစ်မှန်ကိုသိလို့ မဃလုင်တို့အဖွဲ့ကိုလွှတ်ပေးကာ မစလရွှာသူကြီး ရာထူးပေး ချီးမြှောက်တယ်။သူ့ကိုယ်သူလည်း တိရစ္ဆာန်ဖြစ်တဲ့ဆင်ကမှ သိတတ်သေး။ သူက အသိဉာဏ်ရှိတဲ့ ရှင်ဘုရင်တစ်ပါးဖြစ်နေပြီး တိရစ္ဆာန်တစ်ကောင်လောက်မှ မဆင်ခြင်မစဉ်းစားနိုင်ဘူးဆိုပြီး သူ့ကိုယ်သူ အပြစ်တင်တယ်။ မဃလုလင်တို့အဖွဲ့ကိုလည်း သူ့အပြစ်ခွင့်လွှတ်ဖို့ တောင်းပန်တယ်။ အသိဉာဏ်ရှိသူဆိုတာ အမှားမကြာတတ်ပါဘူး။

ဒီအဖြစ်အပျက်မှာ ပါဝင်ကြသူတွေရဲ့ ပြောစကားတွေ၊ တွေးခေါ်ယူဆပုံတွေကို ဖတ်နေတဲ့စာခဏရပ်ပြီး ဆင်ခြင်မိတယ်။ ဒီလိုဆင်ခြင်နေမိတာက ဖတ်တဲ့အချိန်ထက် အများကြီး ပိုကြာသွားခဲ့တယ်။ လောကမှာ အမြင်မတူကြသူတွေဆိုတာက နေရာတကာမှာ ရှိပါတယ်။ အမြင်မတူတော့ အသိမတူ။ အသိမတူတော့လည်း ခံစားပုံခြင်း မတူတော့ဘူးပေါ့။ ခံစားပုံခြင်းမတူတော့ အကြိုက်ကမတူ၊ အကြိုက်မတူတော့လည်း သဘောထားတူဖို့က မလွယ်ကူပြန်ပါဘူး။ သဘောထားမတူတော့ ပူးပေါင်းလုပ်ကိုင်ဖို့က ခက်ခဲသွားတတ်ပြန်ပါတယ်။ ယဉ်ကျေးမှုဖြစ်စဉ်မှာ အတူတကွပူးပေါင်းကာ အခက်အခဲတွေကို ဖြေရှင်းတတ်ကြတဲ့ သတ္တမျိုးနွယ်စုတွေသာ ရပ်တည်ရှင်သန်ရစ်ကြ၊ အသိဉာဏ်အဆင့်လည်း တိုးမြင့်လာကြတယ်လို့ ပညာရှင်များက လက်ခံထားကြပါတယ်။ (Evolutionary Process ကိုလေ့လာကြည့်ပေါ့)။

သဘောထားမတူတဲ့အရာကို ရာနှုန်းပြည့်တူအောင်ညှိဖို့ဆိုတာကတော့ ဖြစ်နိုင်ခဲပါတယ်။ သို့ပေမယ့် ကိုယ်နဲ့ သဘောထားမတူသူဟာ ကိုယ့်ရန်သူပဲဆိုတဲ့ လွဲမှားတဲ့အခြေခံယူဆချက် မရှိဘူးဆိုလျင် မတူတဲ့သဘောထားတွေကို အနီးကပ်ဆုံးတူညီအောင် ညှိယူဖို့က မဖြစ်နိုင်တဲ့အရာ မဟုတ်တော့ပါဘူး။ အနည်းဆုံး ဦးတည်ချက်တူတဲ့ လုပ်ငန်းတစ်ခု ပူးပေါင်းလုပ်နိုင်အောင် တူညီတဲ့အထိညှိယူနိုင်ဖို့ ဖြစ်နိုင်ပါတယ်။ ကိုယ်ဖက်ကမြင်တဲ့အမြင်ထက် အခြားဖက်က အမြင်ကိုပါ ထည့်စဉ်းစားပေးဖို့တော့ လိုတာပေါ့။ အသိဉာဏ်မြင့်မှု ဂုဏ်ရည်ထဲမှာ အခြားသူများရဲ့အမြင်ကို ထည့်သွင်းစဉ်းစားခြင်း၊ နားလည်ပေးနိုင်ခြင်းတို့ ပါဝင်ပါတယ်။

ဒီဝတ္ထုမှာ ထုံးစံအတိုင်း အဆုံးမတော့ မဃလုလင်တို့အဖွဲ့ရဲ့ လုပ်ရပ်မှန်တွေကို ရှင်ဘုရင်က နားလည်သွားတယ်။ မဃလုလင်ကိုလည်း မစလရွှာသူကြီးခန့်အပ်ကာ အများအကျိုးဆောင် ကောင်းမှုကောင်းရာအလုပ်တွေကို ဆက်လက်လုပ်ကိုင်ခွင့်ပေးခဲ့တယ်။ မဃလုလင်တို့အဖွဲ့ကလည်း အသက်ထက်ဆုံး လူသားကောင်းကျိုးပြုလုပ်ငန်းတွေကို လုပ်ကိုင်သွားကြတယ်။ ကွယ်လွန်တဲ့အခါမှာလည်း တာဝတိံသာကို အစိုးရတဲ့ သိကြားမင်းဖြစ်လာတယ်။ စည်းစိမ်ဥစ္စာအခြံအရံတွေလည်း အလုံအပယ်နဲ့ပေါ့။ မစလရွှာသူကြီးကိုတော့ သူ့ရဲ့အပြစ်ဒဏ်ကြောင့် ရွှာသူကြီးအဖြစ်က လျောချကာ တဆွေမျိုးလုံး မဃလုလင်တို့ထံမှာ တစ်သက်တာ ကျွန်ခံစေတယ်။ နောက်ဆက်တွဲ ဘဝဖြစ်စဉ်ကိုတော့ မသိရပါဘူး။

ဒီဇာတ်လမ်းကနေ ကောင်းတဲ့အလုပ်ပေမယ့် သဘောမကျနိုင်သူတွေ ရှိတတ်တယ်၊ စိတ်ရှည်သည်းခံကာ ကိုယ့်အလုပ်ကိုဆက်လုပ်က အဆုံးမှာ အောင်မြင်မှုကို ရနိုင်တယ်ဆိုတဲ့ သင်္ခန်းစာကို ထုတ်ယူနိုင်ပါတယ်။ တဖက်မှာလည်း မကောင်းတဲ့လုပ်ရပ်မှာ မကောင်းတဲ့ တန်ပြန်ဆိုးကျိုးရှိတတ်တယ်၊ ဖုံးကွယ်လှည့်စားထားပေမယ့် အမှန်တရားက အချိန်တန်တော့ ပေါ်လာတတ်တယ်၊ မကောင်းမှုဆိုတာ အသိဉာဏ်ရှိတဲ့လူသားတွေ မဆိုထားနဲ့ တိရစ္ဆာန်တွေတောင်မှ မကြိုက်ဖူးဆိုတဲ့အသိကိုလည်း ဆင်ခြင်ပါက ရနိုင်ပါတယ်။

မဃလုလင်တို့အဖွဲ့နဲ့ မစလရွာသူကြီးအမှုမှာ စီရင်ချက်ဆုံးဖြတ်သူက ရှင်ဘုရင်ကြီးပေါ့။ သူ့ရဲ့ မဆင်မခြင် မှားယွင်းစွာစီရင်ဆုံးဖြတ်ခဲ့မှုကြောင့် အသက်သေလုမတတ် ဖြစ်ရသည်အထိ မဃလုလင်တို့ ဖြစ်ခဲ့ရတယ်။ တကယ်လို့သာ တိရစ္ဆာန်တစ်ကောင်ဖြစ်တဲ့ဆင်က ရှင်ဘုရင်အမိန့်အတိုင်း နင်းသတ်ခဲ့လျှင် ဇာတ်လမ်းက ဘယ်လိုများဖြစ်သွားလေမလဲလို့ စဉ်းစားမိတယ်။ နောက်ပြီးလည်း ယဉ်ကျေးမှုအဆင့်တွေ တိုးတက်လာပါတယ်ဆိုတဲ့ ခေတ်သစ်လူ့အဖွဲ့အစည်းအချို့က လူတော်တော်များများကို ယဉ်ကျေးမှု မဖွံ့ဖြိုးသေးဘူးလို့ သတ်မှတ်ကြတဲ့ ရှေးခေတ်က တိရစ္ဆာန်တစ်ကောင်မျှသာဖြစ်တဲ့ ဆင်တစ်ကောင် စဉ်းစားသလိုမျိုး စဉ်းစားစေချင်မိတယ်။ တိရစ္ဆာန်တကောင်သိသလိုမျိုး သိစေချင်မိတယ်။ ခိုင်းသမျှ အမှားကို ခေါင်းညိတ်လုပ်ကိုင်ခြင်းဆိုတာ လူ့စံနှုန်းထဲက အနိမ့်ကျဆုံးသော မိုက်မဲခြင်းလက္ခဏာ တစ်ရပ်ပါ။ အပြစ်မရှိတဲ့သူတွေကို အပြစ်ရှိတဲ့သူတွေလို ဘာကြောင့် မိုက်မဲစွာ ဆက်ဆံကြရမှာလဲ။

အပြစ်မဲ့တဲ့ လူပေါင်းများစွာအသက်ကို သတ်စေလို့ မှားယွင်းကာ စီရင်ဆုံးဖြတ်ခဲ့တဲ့ ရှင်ဘုရင်အတွက် နောက်ဆက်တွဲဖြစ်စဉ်က ဘာလဲလို့ ရေးသားတာ မပါဝင်ခဲ့တဲ့အတွက် ရှင်ဘုရင်ကြီး ဘယ်လိုများဖြစ်သွားလေသလဲလို့ သိချင်နေမိတယ်။

မစလရွာသူကြီးအသစ် မဃလုလင်က ကွယ်လွန်ချိန်မှာ အဆောင်အယောင်အပြည့်နဲ့ တာဝတိံသာနတ်ပြည်ကို အစိုးရတဲ့ သိကြားမင်းဖြစ်သွားတယ်ဆိုတော့ တိုင်းပြည်သခင် ရှင်ဘုရင်ကြီးက တာဝတိံသာနတ်ပြည်ရဲ့အရှင် မဖြစ်ဘူးဆိုတာတော့ သေသေချာချာ သိရတယ်။ ရွာသူကြီးက နတ်ဘုရင်ဆိုတော့ တိုင်းပြည်အရှင် ဘုရင်ကြီးက ဘာဘုရင်များဖြစ်သွားပါလိမ့်။ တနေရာက ဖတ်မိလို့ ဒီအဖြေကိုသိလျှင်ဖြင့် ပြောပြစမ်းပါဘိ။ သိချင်စမ်းလှချည့်။ ။

အရှင်ဉာဏိက
ဖေဖော်ဝါရီ ၂၁၊ ၂၀၀၉